# B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

သင်သည် ဂျပန်နိုင်ငံတွင် နေထိုင်ရန် နေထိုင်ခွင့်တစ်ခုခုလိုအပ်ပါသည်။ နေထိုင်ခွင့် ၂၈မျိုးရှိပါသည်။ နေထိုင်ခွင့်အမျိုးအစားအလိုက် ဂျပန်နိုင်ငံတွင် ခွင့်ပြုထားသည့် လုပ်ရှားဆောင်ရွက်မှုနှင့် နေထိုင်ခွင့်ပြုကာလကို သတ်မှတ်ထားပါသည်။

## 1 နေထိုင်ခွင့်အမျိုးအစားစစ်ဆေးရန်

သင်သည် ဂျပန်နိုင်ငံကိုဝင်ရောက်နေထိုင်သည့်အခါ ဝင်ရောက်သောရည်ရွက်ချက်များအပေါ်မူတည်၍ နေထိုင်ခွင့်အမျိုးအစားနှင့် နေထိုင်ခွင့်ပြုကာလကို သတ်မှတ်ပေးထားပါသည်။ သင့်နိုင်ငံကူးလက်မှတ်တွင် နေထိုင်ခွင့်အမျိုးအစားနှင့် နေထိုင်ခွင့်ပြုကာလကို ရေးမှတ်ထားသောကြောင့် သေချာစစ်ဆေးထားပါ။

1. ၂၀၀၅ခုနှစ် မတ်လ ၁၁ရက်မှာ
2. ခရီးသွား၊ ဆွေးမျိုးထံလည်ခြင်းစ သည့်ယာယီဂျပန်နိုင်ငံမှာနေထိုင်ရန်
3. ရက်၉၀ နေထိုင်ခွင့်ရပြီး
4. အမှတ်၂Naritaလေဆိပ်ကနေ ဝင်ရောက်လာတယ်လို့ဆိုလိုတယ်




စာညွှန်း။ ။လူဝင်မှုကြီးကြပ်ရေးဌာန လူဝင်မှုကြီးကြပ်ရေးသိကောင်းစရာ လက်ကမ်းစာ

ဥပဒေအရ သတ်မှတ်ထားသော နေထိုင်ခွင့်အမျိုးအစားများသည် အောက်ပါ ၂၈မျိုးသာဖြစ်ပါသည်။ ခွင့်ပြုထားသော လုပ်ရှားဆောင်ရွက်မှုများမှအပ မည်သည့်လုပ်ရှားဆောက်ရွက်မှုကိုမှ ပြုလုပ်နိုင်မည် မဟုတ်ပါ။

# B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

## (1) အလုပ်လုပ်ကိုင်ခွင့်ရှိသော နေထိုင်ခွင့်အမျိုးအစား (၁၈မျိုး)

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လုပ်ရှားဆောင်ရွက်ချက်များ ≪လုပ်ကိုင်နိုင်သောလုပ်ငန်းဥပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| သံတမန် | ဂျပန်အစိုးရမှ လက်ခံသော ပြည်ပနိုင်ငံများ၏ သံတမန်ကိုယ်စားလှယ်အဖွဲ့ (သို့) ကောင်စစ်ဝန်ရုံးများ၏ တာဝန်ရှိသူများ၊စာချုပ်(သို့) အပြည်ပြည်ဆိုင်ရာ လုပ်ဆောင်ချက်အရ သံတမန်ကိုယ်စားလှယ်နှင့်အလားတူသော အခွင့်ထူး (သို့)ကင်းလွတ်ခွင့်ရှိသူနှင့်၊ အထက်ဖေါ်ပြထားသော လူပုဂ္ဂိုလ်များ၏ အိမ်ထောင်စုစာရင်းတူညီသောမိသားစုဝင်များအနေဖြင့် နေထိုင်လှုပ်ရှားခြင်း ≪သံအမတ်ကြီး၊ သံမှူး၊ ကောင်စစ်ဝန်ချုပ်၊ သံတမန်ကိုယ်စားလှယ်စသည်များနှင့် ၎င်းတို့၏မိသားစုဝင်များ≫ | 'သံတမန်းရေးရာကိစ္စများ' ကို လုပ်ဆောင်သည့် ကာလ | ○ |
| အစိုးရပိုင်းဆိုင်ရာ | ဂျပန်အစိုးရက အတည်ပြုလက်ခံထားသော ပြည်ပနိုင်ငံများ(သို့) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသူနှင့်၊ ထိုသူ၏ အိမ်ထောင်စုစာရင်းတူညီသောမိသားစုဝင်များအနေဖြင့် နေထိုင် လှုပ်ရှား ခြင်း (ဤဇယား၏ "သံတမန်"တွင် ဖေါ်ပြထားသော အကြောင်းအရာ မပါ။) ≪သံရုံးဝန်ထမ်း၊ ကောင်စစ်ဝန်ရုံးဝန်ထမ်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းစသည်တို့၏ အစိုးရပိုင်းဆိုင်ရာ ကိစ္စကြောင့် စေလွှတ်ခြင်းခံထားသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ်၊ ၃လ၊ ၃၀ရက် (သို့) ၁၅ရက် | ○ |
| ပါမောက္ခ | ဂျပန်နိုင်ငံတွင်းရှိ တက္ကသိုလ်(သို့) တက္ကသိုလ်နှင့် အဆင့်တူညီသောအဖွဲ့ ဌာနနှင့် အထက်တန်းသီးခြားပညာသင်ကျောင်းတို့တွင် သုတေသန ပြုခြင်း၊ သုတေသနပြုရာတွင် ပို့ချလမ်းညွှန်ခြင်း(သို့) သင်ကြားပို့ချခြင်းစသည့် လှုပ်ရှားဆောင်ရွက်မှုများ ≪တက္ကသိုလ်ပါမောက္ခ စသည်≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |
| အနုပညာ | ဝင်ငွေရရှိနိုင်သည့် တေးဂီတ၊ပန်းချီ၊စာပေအစရှိသော အနုပညာပိုင်း ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ("ဖျော်ဖြေရေး"တွင် ဖေါ်ပြထားသော အကြောင်းအရာများ မှအပ)≪ပန်းချီဆရာ၊ တေးရေးဆရာ၊ စာရေးဆရာစသည်≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လှုပ်ရှားဆောင်ရွက်ချက်များ ≪လုပ်ကိုင်နိုင်သောလုပ်ငန်းဥပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| သာသနာပြု | ပြည်ပနိုင်ငံများ၏ ဘာသာရေးအဖွဲ့အစည်းများမှ ဂျပန်နိုင်ငံသို့ စေလွှတ် သောသနာပြုဆရာက ပြုလုပ်သည့် သာသနာပြုရေးနှင့် အခြားသာသနာပြုရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ≪ပြည်ပနိုင်ငံ၏ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းမှ စေလွှတ်ခြင်း ခံထားသော သာသနာပြု ဆရာစသည့်≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |
| သတင်းမီဒီယာ | ပြည်ပနိုင်ငံများ၏ သတင်းမီဒီယာဌာနများနှင့် ချုပ်ဆိုထားသော စာချုပ်အရ လုပ်ဆောင်သည့် သတင်းရယူခြင်းနှင့် အခြားသတင်းမီဒီယာနှင့်ဆိုင်သော လှုပ်ရှားဆောင်ရွက်မှုများ ≪ပြည်ပသတင်းဌာန၏ သတင်းထောက်၊ ဓါတ်ပုံဆရာ≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |
| အဆင့်မြင့်ကျွမ်းကျင်ပညာရှင် | **အမျိုးအစား ၁**<br>အဆင့်မြင့်သည့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုရှိသူအဖြစ် တရားရေးဝန်ကြီးဌာန၏ အမိန့်ဖြင့် သတ်မှတ်ထားသည့် စံညွှန်းများနှင့် ကိုက်ညီသူသည် အောက်ပါ (က)မှ(ဂ)အထိအတွင်း တစ်ချက်ချက်နှင့် အကျုံးဝင်သည့် လှုပ်ရှားမှုဖြစ်ပြီး၊ ဂျပန်နိုင်ငံ၏ ပညာရပ်သုတေသန သို့မဟုတ် စီးပွားရေး တိုးတက်မှုအတွက် အကျိုးပြုမည်ဟု မျှော်လင့်အားကိုးနိုင်သူ<br>(က) တရားရေးဝန်ကြီးက သတ်မှတ်ထားသည့် ဂျပန်နိုင်ငံ၏ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းနှင့်အကြား ချုပ်ဆိုထားသော စာချုပ်အရ သုတေသန၊ သုတေသနဆိုင်ရာ လမ်းညွှန်ခြင်း တစ်နည်းအားဖြင့် သင်ကြားခြင်း လှုပ်ရှားမှု (သို့) ထိုလုပ်ငန်းနှင့်အတူ ဆက်နွယ်နေသည့် စီးပွားရေးလုပ်ငန်းကို ကိုယ်တိုင် စီမံခန့်ခွဲခြင်း သို့မဟုတ် ထိုအဖွဲ့အစည်း မဟုတ်သည့် အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းနှင့်အကြား ချုပ်ဆိုထားသော စာချုပ်အရသုတေသန၊ သုတေသနဆိုင်ရာ လမ်းညွှန်ခြင်း တစ်နည်းအားဖြင့် သင်ကြားခြင်း လှုပ်ရှားမှု<br>(ခ) တရားရေးဝန်ကြီးက သတ်မှတ်ထားသည့် ဂျပန်နိုင်ငံ၏ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းနှင့်အကြား ချုပ်ဆိုထားသော စာချုပ်အရ သဘာဝသိပ္ပံ သို့မဟုတ် ဝိဇ္ဇာပညာ နယ်ပယ်တွင်ပါဝင်သော အသိပညာ သို့မဟုတ် | အမျိုးအစား ၁ မှာ ၅နှစ်၊ အမျိုးအစား ၂ မှာ အကန့်အသတ်မရှိ | ○ |

## B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လှုပ်ရှားဆောင်ရွက်ချက်များ ≪လုပ်ကိုင်နိုင်သောလုပ်ငန်းဥပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| အဆင့်မြင့် ကျွမ်းကျင်ပညာရှင် | ကျွမ်းကျင်မှု လိုအပ်သည့် တာဝန်ကိုထမ်းဆောင်သောလှုပ်ရှားမှု (သို့) ထိုလုပ်ငန်းနှင့်အတူ ဆက်နွယ်နေသည့် စီးပွားရေးလုပ်ငန်းကို ကိုယ်တိုင် ထူထောင်စီမံခန့်ခွဲခြင်း လှုပ်ရှားမှု<br>(ဂ) တရားရေးဝန်ကြီးက သတ်မှတ်ထားသည့် ဂျပန်နိုင်ငံ၏အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းတွင် ကုန်သွယ်ရေး ၊ အခြား စီးပွားရေးလုပ်ငန်းကိုစီမံခန့်ခွဲခြင်း သို့မဟုတ် ထို လုပ်ငန်း၏ စီမံခန့်ခွဲမှုသက်ဆိုင်သည့် လှုပ်ရှားမှု (သို့) ထိုလုပ်ငန်းလှုပ်ရှားမှုနှင့် ဆက်နွယ်နေသည့် စီးပွားရေးလုပ်ငန်းကို ကိုယ်တိုင် ထူထောင်စီမံခန့်ခွဲခြင်း လှုပ်ရှားမှု<br>**အမျိုးအစား ၂**<br>အမျိုးအစား ၁ ပါ လှုပ်ရှားမှုကို လုပ်ဆောင်သူဖြစ်ပြီး၊ ထိုနေထိုင်မှုသည် ဂျပန်နိုင်ငံ၏ အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟု တရားရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်တွင် သတ်မှတ်ထားသည့် စံညွှန်းနှင့် အကျုံးဝင်သူက လုပ်ဆောင်သည့်အောက်ပါ လှုပ်ရှားမှု<br>(က) ဂျပန်နိုင်ငံ၏ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းနှင့်အကြား ချုပ်ဆိုထား သောစာချုပ်အရ သုတေသန၊ သုတေသနဆိုင်ရာ လမ်းညွှန်ခြင်း တစ်နည်းအားဖြင့် သင်ကြားခြင်း လှုပ်ရှားမှု<br>(ခ) ဂျပန်နိုင်ငံ၏ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းနှင့်အကြား ချုပ်ဆိုထားသော စာချုပ်အရ သဘာဝသိပ္ပံ သို့မဟုတ် ဝိဇ္ဇာပညာ နယ်ပယ်တွင် ပါဝင်သော အသိပညာ သို့မဟုတ် ကျွမ်းကျင်မှု လိုအပ်သည့် တာဝန်ကို ထမ်းဆောင်သောလှုပ်ရှားမှု<br>(ဂ) ဂျပန်နိုင်ငံ၏ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းတွင် ကုန်သွယ်ရေး ၊ အခြား စီးပွားရေးလုပ်ငန်းကိုစီမံခန့်ခွဲခြင်း သို့မဟုတ် ထို လုပ်ငန်း၏ စီမံခန့်ခွဲမှုသက်ဆိုင်သည့် လှုပ်ရှားမှု<br>(ဃ) အမျိုးအစား ၂ ၏ (က)မှ (ဂ)အထိ တစ်ချက်ချက်နှင့် အကျုံးဝင်သည့် လှုပ်ရှားမှုနှင့်အတူ လုပ်ဆောင်သည့် ပါမောက္ခ၊ အနုပညာ၊ | | |

## B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လှုပ်ရှားဆောင်ရွက်ချက်များ<br>≪လုပ်ကိုင်နိုင်သောလုပ်ငန်းဥပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| | ဘာသာရေး၊ သတင်းမီဒီယာ၊ ဥပဒေနှင့် စာရင်းကိုင်လုပ်ငန်း၊ ဆေးဘက်ဆိုင်ရာ၊ ပညာရေး၊ နည်းပညာနှင့် ဝိဇ္ဇာပညာနှင့် အပြည်ပြည်ဆိုင်ရာလုပ်ငန်းများ၊ ဖျော်ဖြေရေး၊ ကျွမ်းကျင်မှု နေထိုင်ခွင့်အမျိုးအစားများတွင် ဖော်ပြထားသည့် လှုပ်ရှားမှု (အမျိုးအစား ၂ ၏ (က)မှ (ဂ)အထိ တစ်ချက်ချက်နှင့် အကျုံးဝင်သည့် လှုပ်ရှားမှုများမှ အပ)<br>≪အမှတ်ပေးစနစ်ဆိုင်ရာ အဆင့်မြင့်လူအရင်းအမြစ်≫ | | |
| စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု | ဂျပန်နိုင်ငံတွင် ကုန်သွယ်ရေးစသည့်စီးပွားရေးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း (သို့) ထိုလုပ်ငန်းအား ကြီးကြပ်ခြင်းနှင့် သက်ဆိုင်သည့် လှုပ်ရှားမှု (“ဥပဒေ နှင့် စာရင်းကိုင်လုပ်ငန်း” တွင်ဖော်ပြသော အစိုးရလက်မှတ် မပါလျှင် ဥပဒေအရ လုပ်ကိုင်ခွင့်မရှိသော လှုပ်ရှားမှုမှအပ)<br>≪ကုမ္ပဏီ စီမံခန့်ခွဲသူ၊ ကြီးကြပ်သူ≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ်၊ ၄လ (သို့) ၃လ | ○ |
| ဥပဒေနှင့် စာရင်းကိုင် လုပ်ငန်း | ဂျပန်နိုင်ငံတွင်လုပ်ဆောင်ခွင့်ရရှေ့နေ၊ ဂျပန်နိုင်ငံတွင်လုပ်ဆောင်ခွင့်ရ အစိုးရလက်မှတ်ရစာရင်းကိုင်နှင့် အခြားဥပဒေအရလိုအပ်သော အရည်အချင်းရှိသူများက လုပ်ဆောင်သည့် ဥပဒေနှင့်စာရင်းကိုင်ဆိုင်ရာ လှုပ်ရှားမှု ≪ရှေ့နေ၊ အစိုးရလက်မှတ်ရ စာရင်းကိုင်≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |
| ဆေးဘက် ဆိုင်ရာ | ဆရာဝန်၊ သွားဆရာဝန်နှင့် အခြားဥပဒေအရ လိုအပ်သော အရည် အချင်း ရှိသူများက လုပ်ဆောင်သော ဆေးကုသမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ<br>≪ဆရာဝန်၊ သွားဆရာဝန် နှင့် သူနာပြု ≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |
| သုတေသန | ဂျပန်နိုင်ငံရှိ အစိုးရ(သို့) ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ချုပ်ဆိုသည့်စာချုပ် အရ ပြုလုပ်သည့် သုတေသနဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ (“ပါမောက္ခ” တွင် ဖော်ပြထားသော အကြောင်းအရာများမပါ။)<br>≪အစိုးရအဖွဲ့အစည်း (သို့) ပုဂ္ဂလိကကုမ္ပဏီ၏ သုတေသီ≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |

# B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လုပ်ရှားဆောင်ရွက်ချက်များ ≪လုပ်ကိုင်နိုင်သောလုပ်ငန်းဥပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| ပညာရေး | ဂျပန်နိုင်ငံရှိ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်း ကျောင်း၊ မသန်စွမ်းသူများကျောင်း၊ သက်မွေးပညာသင်ကျောင်းနှင့် အခြား စာသင်ကျောင်းများ (သို့) ပစ္စည်းကိရိယာနှင့် ဖွဲ့စည်းပုံအရ စာသင်ကျောင်း ဟုယူဆနိုင်သော ပညာရေးဆိုင်ရာအဖွဲ့အစည်းများတွင် ဘာသာစကား သင်ကြားပို့ချခြင်းစသည့်ပညာရေးဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများ ≪အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၏ ဘာသာစကားဆရာ စသည်≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |
| နည်းပညာ၊ ဂိဇ္ဇာပညာ၊ အပြည်ပြည်ဆိုင် ရာလုပ်ငန်းများ | ဂျပန်နိုင်ငံရှိ အစိုးရ(သို့) ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ချုပ်ဆိုသည့်စာချုပ် အရ ပြုလုပ်သည့် သိပ္ပံ၊ စက်မှုအင်ဂျင်နီယာနှင့် အခြားသိပ္ပံပညာရပ်နယ်ပယ် သို့မဟုတ် ဥပဒေ၊ စီးပွားရေး၊ အခြားဝိဇ္ဇာ ပညာရပ်နယ်ပယ်တွင် ပါဝင်သည့် နည်းပညာ သို့မဟုတ် အသိပညာ လိုအပ်သောလုပ်ငန်း (သို့) ပြည်ပနိုင်ငံ၏ ယဉ်ကျေးမှုအပေါ် အခြေခံသောစဉ်းစားထင်မြင်မှု၊ ခံစားချက်အမြင်လိုအပ်သော လုပ်ငန်း ဆိုင်ရာ လုပ်ရှားမှု (ပါမောက္ခ၊ အနုပညာ၊ သတင်းမီဒီယာ၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု၊ ဥပဒေနှင့်စာရင်းကိုင်လုပ်ငန်း၊ ဆေးဘက် ဆိုင်ရာ၊ သုတေ သန၊ ပညာရေး၊ ကုမ္ပဏီတာဝန်၊ ဖျော်ဖြေရေး အမျိုးအစားများတွင် ဖော်ပြ ထားသောလှုပ်ရှားမှုများမှ အပ) ≪စက်မှုအင်ဂျင်နီယာ၊ စကားပြန်၊ ဒီဇိုင်းနာ၊ ပုဂ္ဂလိကကုမ္ပဏီ၏ နိုင်ငံခြားဘာသာဆရာ၊ စျေးကွက်လေ့လာရေးသမားစသည့်များ≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |
| ကုမ္ပဏီတာဝန် | ဂျပန်နိုင်ငံတွင် ရုံးချုပ်၊ရုံးခွဲနှင့် အခြားရုံးဌာနများရှိသော အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၏ ပြည်ပနိုင်ငံတွင်ရှိ ရုံးဌာနမှ ဝန်ထမ်းများက ဂျပန်နိုင်ငံရှိ ရုံးဌာနသို့ သက်တမ်းကာလသတ်မှတ်ပြီး၊ ပြောင်းရွှေ့လာ၍ ယခုဇယားပါ "နည်းပညာ၊ဂိဇ္ဇာပညာ၊အပြည်ပြည်ဆိုင်ရာလုပ်ငန်းများ" တွင် ဖော်ပြ ထားသော လှုပ်ရှားမှု ≪ပြည်ပနိုင်ငံရှိရုံးဌာနမှ တာဝန်အရ ပြောင်းရွှေ့လာသော ဝန်ထမ်း≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |

# B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လုပ်ရှားဆောင်ရွက်ချက်များ<br>≪လုပ်ကိုင်နိုင်သောလုပ်ငန်းဥပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| **လူမမာပြုစုရေး** | ဂျပန်နိုင်ငံရှိ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းနှင့် ချုပ်ဆိုသည့်စာချုပ်အရ လူမမာပြုစုစောင့်ရှောက်ရေးကျွမ်းကျင်သူ လက်မှတ်ရသူက လူမမာ ပြုစုရေး (သို့) လူမာပြုစုရေး လမ်းညွှန်သင်ပြသည့် လုပ်ငန်းကို လုပ်ဆောင်သည့် လှုပ်ရှားမှု | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |
| **ဖျော်ဖြေရေး** | ပြဇာတ်၊ သဘင်၊ ဂီတ၊ အားကစား စသည့်များကို စီးပွားဖြစ်ဖျော်ဖြေခြင်း နှင့် အခြားဖျော်ဖြေမှုဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုများ ("စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု"တွင် ဖော်ပြထားသောအကြောင်းအရာများမှ အပ) ≪သရုပ်ဆောင်၊ အဆိုတော်၊ ကချေသည်၊ ကြေးစားအားကစားသမား စသည် ≫ | ၃နှစ်၊ ၁နှစ်၊ ၆လ၊ ၃လ (သို့) ၁၅ရက် | ○ |
| **ကျွမ်းကျင်မှု** | ဂျပန်နိုင်ငံရှိ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းနှင့် ချုပ်ဆိုသည့်စာချုပ်အရ ထူးခြားသော နယ်ပယ်တွင် အထူးကျွမ်းကျင်မှု လိုအပ်သည့် လုပ်ငန်းကိုလုပ်ဆောင်သည့်လှုပ်ရှားမှု ≪နိုင်ငံခြားအစားအစာ စားဖိုမှူး၊ အားကစားနည်းပြ၊ လေယာဉ်မှူး၊ ပန်းထိမ်ဆရာစသည်≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၃လ | ○ |

# B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လုပ်ရှားဆောင်ရွက်ချက်များ<br>≪လုပ်ကိုင်နိုင်သောလုပ်ငန်းဉပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| အတတ်ပညာ ကျွမ်းကျင်မှု အလုပ်သင် | **အမျိုးအစား ၁**<br>(က) အတတ်ပညာ ကျွမ်းကျင်မှုအလုပ်သင် ဉပဒေဖြင့် အသိအမှတ်ပြုထားသော အလုပ်သင်စီမံကိန်း (အမျိုးအစား ၁ ကုမ္ပဏီတစ်ခုချင်းပုံစံ ကျွမ်းကျင်မှုအလုပ်သင်နှင့် သက်ဆိုင်သည်သာ) အရ သင်တန်း တက်ခြင်း၊ ထို့အပြင် အတတ်ပညာကျွမ်းကျင်မှုနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှု<br>(ခ) အတတ်ပညာ ကျွမ်းကျင်မှုအလုပ်သင် ဉပဒေဖြင့် အသိအမှတ်ပြုထားသော အလုပ်သင်စီမံကိန်း (အမျိုးအစား ၁ အဖွဲ့ကကြီးကြပ်သည့် ပုံစံ ကျွမ်းကျင်မှုအလုပ်သင်နှင့် သက်ဆိုင်သည်သာ) အရ သင်တန်း တက်ခြင်း၊ ထို့အပြင် အတတ်ပညာကျွမ်းကျင်မှုနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှု<br><br>**အမျိုးအစား ၂**<br>(က) အတတ်ပညာ ကျွမ်းကျင်မှုအလုပ်သင် ဉပဒေဖြင့် အသိအမှတ်ပြုထားသော အလုပ်သင်စီမံကိန်း (အမျိုးအစား ၂ ကုမ္ပဏီတစ်ခုချင်းပုံစံ ကျွမ်းကျင်မှုအလုပ်သင်နှင့် သက်ဆိုင်သည်သာ) အရ အတတ်ပညာ ကျွမ်းကျင်မှုနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှု<br>(ခ) အတတ်ပညာ ကျွမ်းကျင်မှုအလုပ်သင် ဉပဒေဖြင့် အသိအမှတ်ပြုထားသော အလုပ်သင်စီမံကိန်း (အမျိုးအစား ၂ အဖွဲ့ကကြီးကြပ်သည့် ပုံစံ ကျွမ်းကျင်မှုအလုပ်သင်နှင့် သက်ဆိုင်သည်သာ) အရ အတတ်ပညာ ကျွမ်းကျင်မှုနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှု | **အမျိုးအစား ၁**<br>တရားရေးဝန်ကြီး က တစ်ခုချင်း အလိုက် သတ်မှတ်ထားသည့်ကာလ (၁နှစ် မကျော်သည့် ပမာဏအတွင်း)<br><br>**အမျိုးအစား ၂**<br>တရားရေးဝန်ကြီး က တစ်ခုချင်း အလိုက် သတ်မှတ်ထားသည့်ကာလ (၂နှစ် မကျော်သည့် ပမာဏအတွင်း) | ○ |

## B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လုပ်ရှားဆောင်ရွက်ချက်များ ≪လုပ်ကိုင်နိုင်သောလုပ်ငန်းဥပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| | **အမျိုးအစား ၃**<br>(က) အတတ်ပညာ ကျွမ်းကျင်မှုအလုပ်သင် ဥပဒေဖြင့် အသိအမှတ်ပြုထားသော အလုပ်သင်စီမံကိန်း (အမျိုးအစား ၃ ကုမ္ပဏီတစ်ခုချင်းပုံစံ ကျွမ်းကျင်မှုအလုပ်သင်နှင့် သက်ဆိုင်သည်သာ) အရ အတတ်ပညာ ကျွမ်းကျင်မှုနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှု<br>(ခ) အတတ်ပညာ ကျွမ်းကျင်မှုအလုပ်သင် ဥပဒေဖြင့် အသိအမှတ်ပြုထားသော အလုပ်သင်စီမံကိန်း (အမျိုးအစား ၃ အဖွဲ့ကကြီးကြပ်သည့် ပုံစံ ကျွမ်းကျင်မှုအလုပ်သင်နှင့် သက်ဆိုင်သည်သာ) အရ အတတ်ပညာကျွမ်းကျင်မှုနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှု | **အမျိုးအစား ၃**<br>တရားရေးဝန်ကြီး က တစ်ခုချင်း အလိုက် သတ်မှတ်ထားသည့်ကာလ (၂နှစ် မကျော်သည့် ပမာဏအတွင်း) | |

(2) အလုပ်လုပ်ကိုင်ခြင်းခွင့်မရှိသော နေထိုင်ခွင့်အမျိုးအစား (၅မျိုး)

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လှုပ်ရှားဆောင်ရွက်ချက်များ ≪လုပ်ကိုင်နိုင်သောလုပ်ငန်းဥပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှု | ဝင်ငွေရရှိခြင်းမရှိသော ပညာရေး(သို့)အနုပညာဆိုင်ရာ လှုပ်ရှားမှုများ (သို့) ထူးခြားသော ဂျပန်ယဉ်ကျေးမှု(သို့) အနုပညာအား သုတေသနပြုခြင်း (သို့) တတ်ကျွမ်းသူထံမှ ၎င်းပညာသင်ယူခြင်း ("ကျောင်းသား" မှ "သင်တန်း" အထိ ဖော်ပြထားသော အကြောင်းအရာများမှ အပ) ≪ဂျပန်ယဉ်ကျေးမှုကို လေ့လာသည့် သုတေသီ≫ | ၃နှစ်၊၁နှစ်၊ ၆လ (သို့) ၃လ | × |
| ကာလတိုနေထိုင်ခြင်း | ဂျပန်နိုင်ငံတွင် ကာလတိုနေထိုင်လျှက် ပြုလုပ်သည့် ခရီးသွားခြင်း၊ အပန်းဖြေအနားယူခြင်း၊ အားကစား၊ ဆွေမျိုးထံလည်ပတ်ခြင်း၊ လေ့လာခရီး၊ သင်တန်း (သို့) အစည်းအဝေးတက်ရောက်ခြင်း၊ လုပ်ငန်းကိစ္စဆွေးနွေး ခြင်းနှင့် အလားတူသော လှုပ်ရှားဆောင်ရွက်မှုများ ≪ကျွမ်းလှည့်ခရီးသည်၊ အစည်းအဝေးတက်ရောက်သူစသည့်≫ | ၉၀ရက်၊ ၃၀ရက် (သို့) ၁၅ရက် အတွင်း ရက်နှုန်းဖြင့် သတ်မှတ်မည်။ | × |
| ပညာတော်သင | ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ နည်းပညာကောလိပ်၊ အထက်တန်းကျောင်း (အလယ်တန်းအဆင့်ပညာသင်ကျောင်း၏ နှစ်ကြီးပိုင်း အဆင့်ပါဝင်) သို့မဟုတ် အထူးထောက်ပံ့မှုကျောင်း၏ အထက်တန်း အဆင့်၊ အလယ်တန်း (အလယ်တန်းအဆင့် ပညာသင်ကျောင်း၏ အစောပိုင်း နှစ် အဆင့်ပါဝင်) သို့မဟုတ် အထူးထောက်ပံ့မှုကျောင်း၏ မူလတန်းအဆင့်၊ အသက်မွေးပညာလေ့လာရေးကျောင်း သို့မဟုတ် ကျောင်းအမျိုးမျိုး (သို့) ပစ္စည်းကိရိယာနှင့် ဖွဲ့စည်းပုံအရ ကျောင်းဟု ယူဆနိုင်သော အဖွဲ့ အစည်းတွင် ပညာသင်ယူရေး လှုပ်ရှားမှု ≪တက္ကသိုလ်၊ ကောလိပ်၊ နည်းပညာ ကောလိပ်၊ အထက်တန်းကျောင်း အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းစသည်များ၏ ကျောင်းသူကျောင်းသား≫ | ၄နှစ်နှင့်၃လ၊ ၄နှစ်၊ ၃နှစ်နှင့် ၃လ၊ ၃နှစ်၊ ၂နှစ်နှစ် ၃လ၊ ၂နှစ်၊ ၁နှစ်နှင့် ၃လ၊ ၁နှစ်၊ ၆လ (သို့) ၃လ | × |

# B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လုပ်ရှားဆောင်ရွက်ချက်များ<br>≪လုပ်ကိုင်နိုင်သောလုပ်ငန်းဥပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| သင်တန်း | ဂျပန်နိုင်ငံရှိ အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းက လက်ခံ၍ လုပ်ဆောင်သည့် နည်းပညာစသည်များကို ရယူသည့်လှုပ်ရှားမှု ("အလုပ်သင် အမျိုးအစား ၁ "နှင့် "ကျောင်းသား" နေထိုင်ခွင့်များတွင်ဖော်ပြသည့် လှုပ်ရှားမှုမှအပ)<br>≪သင်တန်းသား≫ | ၁နှစ်၊ ၆လ (သို့) ၃လ | × |
| မှီခို | "ပါမောက္ခ"မှ "ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှု"အထိ နေထိုင်ခွင့်ဖြင့် နေထိုင်သူ ("အတတ်ပညာကျွမ်းကျင်မှုအလုပ်သင်"မှအပ) (သို့) "ပညာ တော်သင်" နေထိုင်ခွင့်ဖြင့်နေထိုင်သူကို မှီခိုနေသည့် အိမ်ထောင်ဖက် (သို့) ရင်သွေးအဖြစ် နိစ္စဒူဝ လှုပ်ရှားမှု<br>≪ဂျပန်နိုင်ငံတွင်နေထိုင်သည့်နိုင်ငံခြားသားကိုမှီခိုသည့် အိမ်ထောင်ဖက် နှင့် ရင်သွေး≫ | ၅နှစ်၊ ၄နှစ်နှင့် ၃လ၊<br>၄နှစ်၊ ၃နှစ် နှင့်၃လ၊<br>၃နှစ်၊ ၂နှစ်နှင့်၃လ၊<br>၂နှစ်၊ ၁နှစ်နှင့် ၃လ၊<br>၁နှစ်၊ ၆လ (သို့) ၃လ | × |

(3) နိုင်ငံခြားသားတစ်ဦးချင်းစီအလိုက် ခွင့်ပြုထားသောအကြောင်းအရာပေါ်မူတည်၍ အလုပ်လုပ်ကိုင်ခွင့်ရှိမရှိ သတ်မှတ်သည့် နေထိုင်ခွင့်အမျိုးအစား (၁မျိုး)

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ပြုလုပ်နိုင်သည့်လုပ်ရှားဆောင်ရွက်ချက်များ ≪လုပ်ကိုင်နိုင်သောလုပ်ငန်း ဥပမာ≫ | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| သီးခြားသတ်မှတ်သည့် လှုပ်ရှားမှု | တရားရေးဝန်ကြီးက နိုင်ငံခြားသားတစ်ဦးချင်းစီအလိုက် အထူးသတ်မှတ်သည့် လှုပ်ရှားဆောင်ရွက်မှုများ ≪သံတမန်စသူ၏အိမ်အကူ၊ Working Holiday၊ စီးပွားရေးသဘောတူညီချက်အရ နိုင်ငံခြားသားသူနာပြုနှင့်ပြုစုစောင့်ရှောက်ရေးပညာရှင် အလောင်းအလျာစသူများ≫ | ၅နှစ်၊ ၄နှစ်၊ ၃နှစ်၊ ၂နှစ်၊ ၁နှစ်၊ ၆လ၊ ၃လ (သို့) တရားရေးဝန်ကြီး က တစ်ဦးချင်းအလိုက်သတ်မှတ်သည့်ကာလ (၅နှစ်ထက်မကျော်) | ○ |

(4) အဆင့်အတန်း(သို့) ရာထူးအပေါ်အခြေခံသည့်နေထိုင်ခွင့် (၄မျိုး)

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ရထားသည့် အဆင့်အတန်း (သို့) ရာထူး | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| ရာသက်ပန်နေထိုင်သူ | တရားရေးဝန်ကြီးက ရာသက်ပန်နေထိုင်ခွင့်ပြုသူ ≪တရားရေးဝန်ကြီး ထံမှ ရာသက်ပန်နေထိုင်ခွင့်ရရှိထားသူ (လူဝင်မှုကြီးကြပ်ရေး ခြွင်းချက်များ ဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသော အထူးရာသက်ပန်နေထိုင်သူ မှအပ)≫ | အချိန်အကန့် အသတ်မရှိ | ◎ |
| ဂျပန်နိုင်ငံသား၏ အိမ်ထောင်ဖက်စသည့်များ | ဂျပန်နိုင်ငံသား၏အိမ်ထောင်ဖက်(သို့)တရားမဥပဒေ ('မဲဂျိ'၂၉နှစ် ဥပဒေအမှတ်၈၉) ပုဒ်မ ၈၁၇(၂)၏ပြဌာန်းချက်အရ အထူးမွေးစားသား (သို့) ဂျပန်နိုင်ငံသား၏ကလေးအဖြစ်မွေးဖွားသူ ≪ဂျပန်နိုင်ငံသား၏အိမ်ထောင်ဖက်၊ကလေး၊အထူးမွေးစားသား≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၆လ | ◎ |

## B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

| နေထိုင်ခွင့် | ဂျပန်နိုင်ငံတွင် ရထားသည့် အဆင့်အတန်း (သို့) ရာထူး | ခွင့်ပြုကာလ | အလုပ် |
|---|---|---|---|
| **ရာသက်ပန်နေထိုင်သူ၏အိမ်ထောင်ဖက် စသည်များ** | ရာသက်ပန်နေထိုင်သူနေထိုင်ခွင့်ရှိသူ သို့မဟုတ် ငြိမ်းချမ်းရေး စာချုပ်အရ ဂျပန် နိုင်ငံသားပြန်အပ်နှံသူများဆိုင်ရာလူဝင်မှုအထူး ဥပဒေတွင် ပြဋ္ဌာန်းထားသော အထူးရာသက်ပန်နေထိုင်သူ (အောက်တွင် "ရာသက်ပန်နေထိုင်သူစသည်များ"ဟုခေါ်ဆိုမည်။) ၏ အိမ်ထောင်ဖက် (သို့) ရာသက်ပန်နေထိုင်သူ စသည်၏ ရင်သွေး အဖြစ် ဂျပန်နိုင်ငံတွင်မွေးဖွား ကာ ဆက်လက်နေ ထိုင်နေသူ<br>≪ရာသက်ပန်နေထိုင်သူ၊ အထူးရာသက်ပန်နေထိုင်သူ၏ အိမ်ထောင်ဖက်(သို့)ဂျပန်နိုင်ငံတွင်မွေးဖွားပြီး ဆက်လက် နေထိုင်နေသည့် ရင်သွေး အရင်း≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့) ၆လ | ◎ |
| **အခြေချနေထိုင်သူ** | တရားရေးဝန်ကြီးက ထူးခြားသောအကြောင်းအရာကို ထည့်သွင်း စဉ်းစား၍ သက်တမ်းအတိုင်းအတာတစ်ခုကို သတ်မှတ်ပြီး နေထိုင် ခွင့်ပြုသူ<br>≪တတိယနိုင်ငံတွင် အခြေချသည့် ဒုက္ခသည်၊ နိုင်ငံခြားသား ဂျပန်မျိုးနွယ် တတိယမျိုးဆက်၊ စစ်ပြီးချိန်တရုတ်နိုင်ငံတွင် ကျန်နေသော ဂျပန်နိုင်ငံသားစသည်≫ | ၅နှစ်၊ ၃နှစ်၊ ၁နှစ် (သို့)၆လ (သို့) တရားရေးဝန်ကြီး က တစ်ဦးစီအလိုက် သတ်မှတ်သည့်ကာလ (၅နှစ်ထက်မပိုရ) | ◎ |

မှတ်ချက်။ ။ "အလုပ်" ကော်လံ တွင်အသုံးပြုထားသောသင်္ကေတ

◎ :အကန့်အသတ်မရှိ အလုပ်လုပ်ကိုင်နိုင်သည်။

○: သတ်မှတ်ချက်များအတွင်း အလုပ်လုပ်ကိုင်နိုင်သည်။

×: အလုပ်လုပ်ကိုင်ခွင့်မရှိ

*ရည်ညွှန်း။ ။တရားရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန နေထိုင်ခွင့်အမျိုးအစားများဇယား*